# စက်တင်ဘာလ ၂၀၁၈ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူ ၂၇၇ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၂၇ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၁ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၉၉ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။



ဓာတ်ပုံ Nandar Sitt Aung's Facebook
စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org


အင်တာနက်စာမျက်နှာ    တွစ်တာစာမျက်နှာ    လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ


**နိုင်ငံရေးအကျဉ်းသားများ ........................................ 3**

ဖမ်းဆီးခံရခြင်းများ ........................................ 3

တရားစွဲဆိုခံရခြင်းများ ........................................ 3

တရားရင်ဆိုင်ရခြင်းများ ........................................ 3

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ........................................ 4

ထောင်တွင်းအခြေအနေများ ........................................ 6

**နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ** ........................................ 9

လယ်ယာမြေအငြင်းပွားမှုများ ........................................ 1

**ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ** ........................................ 3

**အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ........................................ 17**

**အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links ........................................ 17**

# နိုင်ငံရေးအကျဉ်းသားများ

## ► ဖမ်းဆီးခံရခြင်းများ

### ရခိုင်လူငယ် ရှစ်ဦး ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးနောက် ချုပ်ရက်စေ့၍ လွှတ်မြောက်လာရာမှ ပြန်လည် ဖမ်းဆီးခံရ

စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တရားရုံးမှ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့အဓိကရုဏ်း ဖြစ်စဉ်တွင် ပါဝင်ခဲ့သည်ဟုဆိုကာ ဖမ်းဆီးခြင်းခံထားရသည့် ရခိုင်လူငယ် ရှစ်ဦးကို ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၄၅ ဖြင့် စွဲချက်တင်ခဲ့ပြီး ၎င်းလူငယ်ရှစ်ဦးမှ အပြစ်ရှိကြောင်း ဝန်ခံခဲ့ခြင်းအတွက် ထောင်ဒဏ် ရှစ်လချမှတ်ခဲ့ကာ ချုပ်ရက်များကိုပါ ထုတ်နုတ်ခံစားစေခဲ့သည်။ ချုပ်နှောင်ကာလ ရှစ်လပြည့်မြောက်ပြီးဖြစ်သည့်အတွက် ၎င်းတို့ရှစ်ဦးကို လွှတ်ပေးရမည် ဖြစ်သော်လည်း နိုင်ငံတော်အလံ ဥပဒေပုဒ်မ (၆) ဖြင့် ထပ်မံစွပ်စွဲ၍ ရဲတပ်ဖွဲ့မှ ၎င်းတို့ကို ပြန်လည် ဖမ်းဆီးသွားခဲ့ပြီး စစ်တွေ အမှတ် (၁) ရဲစခန်းတွင် ချုပ်နှောင်ထားသည်။ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ၎င်းတို့သည် မြောက်ဦးမြို့နယ် တရားရုံး၌ ချုပ်ရက်ရမန်ယူခဲ့သည်။

လူငယ်ရှစ်ဦးကို ဖမ်းဆီးစဉ်တွင်လည်း ရရှိထားသည့် သေနတ်ဒဏ်ရာများ မသက်သာသေးဘဲ ဆေးရုံမှ ဖမ်းဆီးသွားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် ယခုအချိန်ထိ ရရှိခဲ့သည့် သေနတ်ဒဏ်ရာများ ကောင်းမွန်ခြင်း မရှိသေးပါဟု သိရှိရသည်။

ထိုလူငယ်ရှစ်ဦးကို ပြန်လွှတ်ပေးရန် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ရခိုင်အမျိုးသားပါတီ ANP မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းနှင့် တွေ့ဆုံ၍ တိုက်တွန်းခဲ့သည်။

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်မြောက်ဦးမြို့၌ ကျင်းပမည့် ၂၃၃ နှစ်မြောက် ရက္ခိုင့်ဘုရင်နိုင်ငံ အချုပ်အချာအာဏာ ကျဆုံးခြင်း ဝမ်းနည်းခြင်းအခမ်းအနားကို အာဏာပိုင်များ တားမြစ်ခဲ့ရာမှ ပဋိပက္ခဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူ ခုနစ်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများလည်းရှိခဲ့သည်။

## ► တရားစွဲဆိုခံရခြင်းများ

### ကရင်အာဇာနည်နေ့ ဦးဆောင်ကျင်းပသူလေးဦးအား ဆက်လက်တရားစွဲဆိုမည်

ဟသ်ာတမြို့နယ်၊ ကရင်ပြည်သူ့ပါတီ (KPP) ရုံး၌ ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည့် (၆၈) ကြိမ်မြောက် ကရင့်အာဇာနည်နေ့အခမ်းအနားကို ဦးဆောင်ကျင်းပသူ လေးဦးဖြစ်သော ကရင်ပြည်သူ့ပါတီဥက္ကဌ စောကျော်ကြီးနှင့် ဒေသခံများဖြစ်သော စောအောင်မွန်စိုး၊ စောသန်းထွန်းသန်း၊ စောခုရှီးထူးတို့အား ရပ်ကျေးဥပဒေပုဒ်မ ၂၆ ဖြင့် ဆက်လက်တရားစွဲဆိုသွားမည်ဟု ဟသ်ာတမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်မှ စက်တင်ဘာလ ၂၁ ရက်နေ့တွင် အတည်ပြု ပြောကြားခဲ့သည်။ ထိုအခမ်းအနားကျင်းပခဲ့ခြင်းအတွက် အရေးယူဆောင်ရွက်ရန်ဟုဆိုကာ ဩဂုတ်လ ၁၃ ရက်နေ့တွင် ဟသ်ာတမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်ရန် ဆင့်ခေါ်ခဲ့သော်လည်း ဥပဒေအကြံပြုချက်အရ တရားစွဲဆိုမည့်စာရင်းတွင် ပဒိ မန်းငြိမ်းမောင် ပါဝင်ခြင်းမရှိတော့ဘဲ ပွဲကျင်းပသူ လေးဦး ကိုသာ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ တရားလိုပြုလုပ်၍ တရားရုံးသို့ ဦးတိုက်လျှောက်ထားရမည် ဖြစ်သည်ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်မှ ပြောကြားခဲ့သည်။

### ကြံ့ခိုင်ရေးပါတီ ရွှေဘိုခရိုင် ဥက္ကဋ္ဌအား အရေးယူပေးရန် တရားရုံးဦးတိုက်လျှောက်

စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရွှေဘိုမြို့နယ်ရဲ တပ်ဖွဲ့မှူး ရဲမှူးတာဖံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့ကို စွပ်စွဲပြောဆိုသူ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ဥက္ကဋ္ဌ ဦးစိုးအေးအပါအဝင် သုံးဦးတို့ကို ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၅၀၅ (ခ) ဖြင့် ရွှေဘိုမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့သည်။ စက်တင်ဘာလ ၈ ရက်နေ့တွင် ဦးစိုးအေးနှင့်အဖွဲ့သည် ရွှေဘိုမြို့နယ်၊ ပလိုင်းကျေးရွာရှိ ဒေသခံအချို့နှင့် တွေ့ဆုံရာ၌ နိုင်ငံတော် အထိတ်တလန့်ဖြစ်စေမှု၊ လူမျိုးရေးခွဲခြား ဟောပြောမှုများ ပြုလုပ်ခဲ့သည့်အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးအနေဖြင့် တရားလိုပြုလုပ်ကာ အရေး

ယူဆောင်ရွက်ပေးရန် စက်တင်ဘာလ ၁၄ ရက်နေ့တွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမင်းအောင်မှ စာ ပေးပို့ခဲ့ခြင်း ဖြစ်သည်။

**ရွှေဝါရောင် သံဃာတစ်ပါးကို ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်**

စက်တင်ဘာလ ၁၇ ရက်နေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုဗိုလ်မှူးကြီး မျိုးခိုင်ဝင်းမှ တပ်မတော်အား သိက္ခာကျဆင်းအောင် ပုတ်ခတ်ရေးသားသည်ဟုဆိုကာ ရွှေဝါရောင်သံဃာတစ်ပါးဖြစ်သည့် ဘဝအလင်းဆရာ တော် ဦးသောဘိတ (အလင်္ကာကြယ်) ကို ဆက်သွယ် ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့်ခဲ့သည်။ အမရပူရ၊ မဟာဂန္ဓာရုံတိုက်မှ ဦးသောဘိတသည် လူမှုကွန်ရက် စာ မျက်နှာတွင် တပ်မတော်နှင့် ကာကွယ်ရေးဦးစီးချုပ်တို့ကို ဝေဖန်ရေးသားခြင်းအတွက် အမှုဖွင့်ခံခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် ကျောင်းတိုက်၏ ဂုဏ်သိက္ခာကို ထိခိုက်အောင် ပြု လုပ်ခဲ့ခြင်းကြောင့်ဟုဆိုကာ မဟာဂန္ဓာရုံ ကျောင်းတိုက်မှ မဟာနာယကဆရာတော်များနှင့် နာယကဆရာတော်များ က ဦးသောဘိတကို စက်တင်ဘာလ ၂၅ ရက်စွဲဖြင့် အပ ပြု (နှင်ထုတ်) ကြောင်း လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ သည်။ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဆရာတော် သည် အမရပူရမြို့မရဲစခန်းတွင် သွားရောက်အစစ်ဆေးခံ ခဲ့ပြီး ရဲစခန်းမှ အာမခံဖြင့် ပြန်လွှတ်ပေးခဲ့သည်။

**ဆန္ဒပြခေါင်းဆောင် လေးဦး တရားစွဲဆိုခံရ**

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နမ့်ဘော်ဝမ်ရှမ်း (က) ရပ်ကွက်ရှိ အများပိုင်သာသနာမြေကိစ္စကို ပြည်နယ် အစိုးရမှ တာဝန်ယူ ဖြေရှင်းပေးရန် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဆန္ဒပြတောင်းဆိုခဲ့သည့်အတွက် ဆန္ဒပြပွဲဦး ဆောင်သူ ခူးကြူးဖဲကေး၊ ခူးကလောရယ်၊ ဦးအောင်နိုင် ဝင်းနှင့် ဦးကျော်မင်းဦးတို့သည် ငြိမ်းစုစီးဥပဒေ ပုဒ်မ ၂၀ ဖြင့် တရားစွဲဆိုခြင်းခံထားရသည်။ ဆန္ဒပြပွဲတွင် အဖိနှိပ် ခံပြည်သူများ မြေယာရရှိရေး ပြောင်းဖူးလုပ်ရှားမှု သပိတ် ဆိုင်းဘုတ်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ ပုံကိုကိုင် ဆောင်ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ၎င်းတို့သည် လွိုင်ကော်ရဲစခန်း၌ ခံဝန်ရေး ထိုးခဲ့ပြီး ၎င်းတို့ကို လွိုင်ကော်မြို့နယ်တရားရုံးမှ အောက် တိုဘာလ ၅ ရက်နေ့တွင် ရုံးချိန်းလာရောက်ရန် ဆင့်ခေါ် ထားသည်။

**တပ်မတော်ကို ICC တင်ရန် ဆန္ဒပြတောင်းဆိုသူ ပုဒ်မ နှစ်ခုဖြင့် အမှုဖွင့်ခံရ**

နိုင်ငံတကာခုံရုံး (ICC) မှ တပ်မတော်ကို အရေးယူပေးရန် တစ်ကိုယ်တော်ဆန္ဒပြတောင်းဆိုခဲ့ခြင်းအတွက် ဒီမိုကရေ စီအရေး စဉ်ဆက်မပြတ်လှုပ်ရှားသူများ အင်အားစု (MDCF) မှ ဗဟိုကော်မတီဝင် ဦးတင်မောင်ကြည် ကို နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) နှင့် ငြိမ်းစုစီးဥပဒေ ပုဒ်မ ၂၀ တို့ဖြင့် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဖမ်းဆီး၍ အမှုဖွင့်ခဲ့သည်။ ဦးတင်မောင်ကြည် အား ကျောက်တံတားရဲစခန်းမှ ရဲဝန်ထမ်း ၁၀ ဦးခန့်မှ ဖမ်း ဆီးခဲ့ပြီး အင်းစိန်ထောင်သို့ ပို့ဆောင်ခဲ့သည်။ အောက် တိုဘာလ ၁ ရက်နေ့တွင် ဦးတင်မောင်ကြည်ကို ကျောက် တံတားမြို့နယ် တရားရုံး၌ ပထမဆုံးအကြိမ် ရုံးထုတ်စစ် ဆေးမည်ဖြစ်သည်။

## ▶ တရားရင်ဆိုင်ရခြင်းများ

**ဒုက္ခသည်များ ကယ်ဆယ်ရေး ဦးဆောင်ဆန္ဒပြသူ သုံးဦး အသရေ ဖျက်မှုဖြင့် စွဲချက်တင်**

စက်တင်ဘာလ ၃ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရား ရုံးမှ စစ်ပွဲများရပ်တန့်ရေးငြိမ်းချမ်းစွာဆန္ဒပြပွဲ ဦးဆောင်သူ ဦးဇော်ဂျတ်၊ ဦးလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့ကို အသရေ ဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် စွဲချက်တင်ရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါစွဲချက်နှင့် ပတ်သက်၍ စက်တင်ဘာလ ၆ ရက်နေ့ တွင် မြစ်ကြီးနားမြို့နယ်တရားရုံး၌ စတင်ကြားနာစစ်ဆေး ခဲ့သည်။ ၎င်းတို့သုံးဦးသည် စွဲချက်အမိန့်ချမှတ်သည့် အပေါ် လက်ခံကျေနပ်မှုမရှိသဖြင့် စွဲဆိုထားသောအမှုကို ပယ်ဖျက်ပေးရန် စက်တင်ဘာလ ၁၂ ရက်နေ့တွင် မြစ်ကြီး နားခရိုင်တရားရုံးသို့ တင်ပြခဲ့သော်လည်း ပလပ်ခြင်းခံခဲ့ရ သောကြောင့် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပြည်နယ် လွှတ်တော်သို့ ပြင်ဆင်လွှာကို ထပ်မံတင်ပြ တောင်းဆို ခဲ့သည်။ လာမည့်ရုံးချိန်းကို စက်တင်ဘာလ ၂၄ ရက်နေ့ တွင် ချိန်းဆိုထားပြီး မြစ်ကြီးနားမြို့နယ်တရားရုံးမှ ဆက် လက်စစ်ဆေးမည်၊ မစစ်ဆေးမည်ကို မသိရှိရသေး ကြောင်း ရှေ့နေ ဦး Mung Seng Tu မှ ပြောကြားခဲ့သည်။

## ကိုအောင်ကိုထွေးကို စွဲချက်တင်ရန် တရားရုံး ဆုံးဖြတ်

စက်တင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ် တရားရုံးမှ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေစာအုပ်ကို တက်နင်းသည်ဟူ၍ စွပ်စွဲခြင်းခံထားရသော ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးအား နိုင်ငံတော်အထိမ်း အမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၇ ဖြင့် စွဲချက်တင် စစ်ဆေးရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ကိုအောင်ကိုထွေးအနေဖြင့် ပြစ်မှုကျူးလွန်မိအောင် ဖန်တီးခြင်းခံခဲ့ရသည်ဆိုသည်ကို တရားရုံး၌ တင်ပြခွင့်ရသည့်တွက် တရားသူကြီး၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ၎င်းအမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်မှ ပြောကြားခဲ့သည်။ ထို့ပြင် အမှုဖွင့်တိုင်ကြားခဲ့သော တရားလိုဖြစ်သူ ရဲမှူးမောင်မောင်နှင့် တရားလိုပြသက်သေ ရဲအုပ်ဝင်းကိုတို့ကိုလည်း ပြန်လည်ခေါ်ယူ စစ်ဆေးသွားမည်ဖြစ်သည်။

## တနင်္သာရီဂျာနယ်ကို တရားစွဲသင့်၊ မသင့် အောက်တိုဘာ ၁ ရက်နေ့တွင် ဆုံးဖြတ်မည်

"မဲဆွယ်အပြုံး" သရော်စာဖော်ပြမှုကြောင့် ထားဝယ်အခြေစိုက် တနင်္သာရီဂျာနယ်ကို တိုင်းဒေသကြီးအစိုးရမှ သတင်းမီဒီယာ ပုဒ်မ ၂၅(ခ) ဖြင့် တရားစွဲဆိုထားသည့် အမှုကို အောက်တိုဘာလ ၁ ရက်နေ့တွင် စွဲချက်ရန် သင့်၊ မသင့်ကို ဆုံးဖြတ်မည်ဟု စက်တင်ဘာလ ၁၇ ရက်နေ့တွင် ထားဝယ်မြို့နယ်တရားရုံး၌ ပြုလုပ်သော တရားခွင်ကြားနာစစ်ဆေးမှု၌ တရားသူကြီးမှ ပြောကြားခဲ့သည်။ တရားခွင်ကြားနာစစ်ဆေးမှုတွင် နှစ်ဖက်သက်သေများ၏ လျှောက်လဲချက်များကို ကြားနာခဲ့ပြီး လာမည့် ရုံးချိန်းတွင် တရားစွဲဆိုရန် သင့်၊ မသင့်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း တရားစွဲခံထားရသည့် တနင်္သာရီဂျာနယ် အယ်ဒီတာ ဦးမျိုးအောင်မှ ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ထုတ် တနင်္သာရီဂျာနယ်တွင် ကလောင်ရှင် မှုးဆေးအိုးရေးသားသော "မဲဆွယ်အပြုံး" သရော်စာပါ ရေးသားချက်များသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟုဆိုကာ ဝန်ကြီးချုပ်၏ညွှန်ကြားချက်ဖြင့် အစိုးရအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူးမှ တရားလိုပြုလုပ် တိုင်ကြားထားခြင်းဖြစ်သည်။

## ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ကို ပုဒ်မ နှစ်ခုဖြင့် စွဲချက်တင်ရန် ဆုံးဖြတ်

စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်တရားရုံးမှ ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌဟောင်း ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင်တို့ကို နိုင်ငံတော် ပုန်ကန်မှု ၁၂၂၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ် ၅၀၅ (ခ) တို့ဖြင့် စွဲချက်တင်ရန် ဆုံးဖြတ်ခဲ့သည်။ မတရားအသင်းဆက်သွယ်မှု ပုဒ်မ ၁၇(၁) ကို သက်သေခိုင်လုံခြင်းမရှိသောကြောင့် တရားရုံးမှ ပယ်ဖျက်ခဲ့သည်။ စွဲချက်နှင့်ပတ်သက်၍ အထက်တရားရုံး အဆင့်ဆင့်သို့ အယူခံတက်မည်မဟုတ်ကြောင်း ဒေါက်တာအေးမောင်၏အမှုအား လိုက်ပါဆောင်ရွက်သည့် တရားလွှတ်တော်ရှေ့နေ ဦးကျော်ညွှန့်မောင်မှ ပြောကြားခဲ့သည်။

## စစ်တွေမြို့မိ၊ မြို့ဖ ဦးအောင်သန်းဝေကို စွဲချက်တင်

မြောက်ဦးဖြစ်စဉ်နှင့် ပတ်သက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးဟောင်း ဦးတင်မောင်ဆွေအား လူမှုကွန်ရက်တွင် ဝေဖန်ခဲ့ခြင်းအတွက် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ် တရားရုံးမှ စစ်တွေ မြို့မိ၊ မြို့ဖ ဦးအောင်သန်းဝေကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၀ ဖြင့် စွဲချက်တင်ခဲ့သည်။ ဦးအောင်သန်းဝေကို ဖမ်းဆီးခဲ့စဉ်က ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ ( ဃ ) နှင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၀ ဖြင့် အာဏာပိုင်များမှ အမှုဖွင့် ဖမ်းဆီးခဲ့သည်။ သို့သော်လည်း ၎င်းအား တရားရုံး၌ တရားစွဲတင်သည့်အခါ ပုဒ်မ ၁၀ နှင့် ရာဇဝတ်မကင်းသော ခြောက်လှန့်မှု ပုဒ်မ ၅၀၆ စသည့် ပုဒ်မ တစ်ခုထပ်တိုးကာ ပုဒ်မ ၂ ခုဖြင့် တရားစွဲ ဆိုထားကြောင်း ဦးအောင်သန်းဝေမှ ပြောကြားခဲ့သည်။

ဦးအောင်သန်းဝေအား ထပ်မံတရားစွဲဆိုထားသည့် ရာဇဝတ်မကင်းသော ခြောက်လှန့်မှု၊ ပုဒ်မ ၅၀၆ နှင့် ပတ်သက်၍ တရားလိုပြသက်သေများအား တရားခွင်စစ်ဆေးမှုပြီးသွားပြီဖြစ်သောကြောင့် လာမည့် ရုံးချိန်း၌ စွဲချက်တင်သင့်၊ မတင်သင့်ကို နှစ်ဘက်လျှောက်လဲချက် ပေးသွားမည်ဖြစ်ကြောင်း ၎င်းအမှုအား လိုက်ပါဆောင်ရွက်သူ တရားလွှတ်တော် ရှေ့နေ ဦးကျော်ညွှန့်မောင်မှ ပြောကြားခဲ့သည်။

ဦးအောင်သန်းဝေမှလည်း ၎င်းအား တရားလိုလုပ် တရားစွဲဆိုထားသည့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစောမင်းသူ၊ စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက်၊ ရပ်ကွက်စာရေး အပါအဝင် သုံးဦးတို့ကို စက်တင်ဘာလ ၁၁ ရက်နေ့ ရုံးချိန်း၌ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေတို့ဖြင့်ပင် ပြန်လည် တရားစွဲဆိုထားကြောင်း ပြောဆိုခဲ့သည်။

**လက်ပံတောင်းဒေသခံ ဒေါ်ခင်ဝင်းသေဆုံးမှု ပြန်စစ်**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပဋိပက္ခအတွင်း သေနတ်ကျည်ဆန် ထိမှန်သေဆုံးခဲ့သည့် ဆားလင်းကြီးမြို့နယ်၊ မိုးကြိုးပြင်အလယ်ရွာမှ တောင်သူ ဒေါ်ခင်ဝင်း သေဆုံးခဲ့မှုကို နိုင်ငံတော်သမ္မတထံသို့ တိုင်ကြားခဲ့ရာ ယင်းအမှုကို ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တိုင်ကြားသူနှင့် သက်သေများကို စက်တင်ဘာလ ၂၈ ရက်နေ့တွင် စစ်ဆေးခဲ့သည်။ ထိုအမှုကို ဆားလင်းကြီးမြို့နယ်တရားရုံးမှ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် ပိတ်သိမ်းခဲ့သည်ကို ကျေနပ်ခြင်းမရှိ၍ စာချွန်တော်ပေး ပို့တိုင်ကြားရာ ယခုနှစ်ဆန်းပိုင်းတွင် ပယ်ချခံရသည်ကို မကျေနပ်သဖြင့် ဩဂုတ်လ ၁၈ ရက်နေ့တွင် မုံရွာမြို့သို့ လာရောက်သည့် နိုင်ငံတော်သမ္မတခရီးစဉ်အတွင်း စာပေးပို့တိုင်ကြားခဲ့ခြင်းဖြစ်သည်။

## ► ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**သတင်းထောက်နှစ်ဦးကို ထောင်ဒဏ် ၇ နှစ်စီ ချမှတ်**

စက်တင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်တရားရုံးမှ နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေ ပုဒ်မ ၃ (၁) (ဂ) ဖြင့် တရားစွဲဆိုခြင်းခံထားရသော ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦး ဖြစ်ကြသည့် ကိုသက်ဦးမောင် ခေါ် ကိုဝလုံးနှင့် ကိုကျော်စိုးဦး ခေါ် ကိုမိုးအောင်တို့ကို ထောင်ဒဏ် (၇) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုကဲ့သို့ပြစ်ဒဏ်ချမှတ်ခြင်းအပေါ် သတင်းထောက် နှစ်ဦး၏ ရှေ့နေများမှ အောက်တိုဘာလဆန်းတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ အယူခံတင်သွင်းသွားမည်ဟု ပြောကြားခဲ့သည်။ ရိုက်တာ သတင်းထောက်နှစ်ဦး ပြစ်ဒဏ်ချမှတ်ခံရခြင်းအပေါ် နိုင်ငံ တကာအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများမှ ဝေဖန်ကန့်ကွက်မှုများပြားခဲ့သည်။

**ငြိမ်း၊စု၊စီပုဒ်မ ၁၉ ဖြင့် အမိန့်ချမှတ်ခြင်းခံရသည့် ကျောင်းသားဟောင်းအတွက် ပါမောက္ခချုပ်မှ ဒဏ်ငွေ ကျပ်တစ်သောင်း ပေးဆောင်**

ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သီတာကို ပြောင်းရွှေ့ပေးရန် ခွင့်ပြုချက် မရှိဘဲ ဆန္ဒဖော်ထုတ်ခဲ့ခြင်းအတွက် ငြိမ်း၊စု၊စီပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခံထားရသည့် ပြည်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဟောင်း ကိုမြတ်မင်းထက်ကို စက်တင်ဘာလ ၇ ရက်နေ့တွင် ပြည်မြို့နယ်တရားရုံးမှ ဒဏ်ငွေကျပ်တစ်သောင်း (သို့မဟုတ်) ထောင်ဒဏ် ၁၅ ရက်ချမှတ်ခဲ့သည်။ အမိန့်ချမှတ်ပြီးနောက် လက်ရှိတာဝန်ခံ ပါမောက္ခချုပ်ဦးအောင်အောင်မင်းမှ အနီးရှိ ရဲတပ်ဖွဲ့ဝင် တစ်ဦးကို ကျပ်တစ်သောင်း ပေးပြီး ဒဏ်ငွေဆောင်စေခဲ့ကြောင်း ကိုမြတ်မင်းထက်မှ ပြောကြားခဲ့သည်။ ဩဂုတ် ၃၀ ရက်နေ့တွင် ပါမောက္ခချုပ် ဒေါက်တာခင်သီတာကို ပြည်တက္ကသိုလ်မှ နေပြည်တော်ရှိ အဆင့်မြင့်ပညာဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ချထားကြောင်း ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

**ဒေါ်လေးလေးနှင့် ကိုနောင်နောင်တို့ကို ထောင်ဒဏ် ၁ နှစ်စီ ချမှတ်**

စက်တင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်တရားရုံးမှ ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ဝန်းရံထောက်ခံခဲ့သည့် ဒေါ်စန်းစန်းဦး(ခေါ်) ဒေါ်လေးလေးနှင့် ကိုနောင်နောင်တို့ကို ဆူပူအောင်ဖန်တီးစေမှု၊ ရာဇသတ်ကြီး ပုဒ်မ ၁၅၃ ဖြင့် ထောင်ဒဏ် ခြောက်လ၊ နိုင်ငံတော် အကြည်အညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ)ဖြင့် ထောင်ဒဏ် တစ်နှစ်တို့ကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ဒေါ်လေးလေးနှင့် ကိုနောင်နောင်တို့ကို တရားစွဲဆိုဖမ်းဆီးထားသည်မှာ ကိုးလနီးပါးကြာမြင့်ပြီးနောက်တွင်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ရုံးထုတ်စစ်ဆေးသည့်နေ့၌ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပေးရန် ဆန္ဒပြခဲ့ကြခြင်းကြောင့် ကိုနောင်နောင်နှင့် ဒေါ်လေးလေးတို့သည် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။

၎င်းတို့နှစ်ဦးနှင့်အတူ ဆန္ဒပြရာတွင် ပါဝင်ခဲ့သည့် ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေး၏ အစ်မဖြစ်သူ

မနေဇာထွန်း၊ ကိုဇော်ကြီး၊ မခင်ချိုနိုင်နှင့် မသန်းသန်းထွေးတို့သည်လည်း အမှုတွဲအဖြစ် ဖမ်းဝရမ်း ထုတ်ထားခြင်းခံထားရသည်။

**ငြိမ်းချမ်းရေး ကဗျာရွတ်ပွဲတွင် ပါဝင်ခဲ့သူ သုံးဦးကို ထောင်ဒဏ်ချမှတ်**

ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံတွင် ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးကဗျာရွတ်ဆိုပွဲ၌ ပါဝင်ခဲ့ခြင်းအတွက် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျောက်တံတားမြို့နယ် တရားရုံးမှ ကိုဇေယျာလွင်၊ ကိုခန့်မင်းထက်နှင့် ကဗျာဆရာ ရွှေကြယ်မိုးတို့ကို ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ် ၁၅ ရက် (သို့မဟုတ်) ဒဏ်ငွေ ကျပ်နှစ်သောင်း ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းတို့ သုံးဦးအနက်မှ ကိုဇေယျာလွင်သည် ထောင်ဒဏ်ကိုသာ ရွေးချယ်ခဲ့ပြီး ကိုခန့်မင်းထက်နှင့် ကဗျာဆရာ ရွှေကြယ်မိုးတို့သည် ဒဏ်ငွေ ပေးဆောင်ခဲ့သည်။

**ရှေ့နေ ဒေါ်ခင်ခင်ကျော်နှင့် ဗကသ ကျောင်းသားဟောင်း ကိုသန်းထိုက်တို့ ထောင်ဒဏ် ခြောက်လ အမိန့်ချခံရ**

စက်တင်ဘာလ ၂၈ ရက်နေ့တွင် မင်းလှမြို့နယ် တရားရုံးမှ လက်ပံတန်း ကျောင်းသားသပိတ်တွင် ဖမ်းဆီးခြင်းခံခဲ့ရသည့် ကျောင်းသားများကို ဥပဒေအကျိုးဆောင်ပေးခဲ့သူ ရှေ့နေဒေါ်ခင်ခင်ကျော်နှင့် ဗကသ ကျောင်းသားဟောင်း ကိုသန်းထိုက်တို့ကို ထောင်ဒဏ် ခြောက်လ အမိန့်ချမှတ်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် အမျိုးသား ပညာရေးဥပဒေပြင်ဆင်ရေးအတွက် သပိတ်မှောက် ဆန္ဒပြခဲ့ကြသည့် ကျောင်းသားနှင့် ပြည်သူများ လက်ပံတန်းမြို့၌ အကြမ်းဖက် ဖြိုခွင်းခြင်းခံခဲ့ရသည့်အမှုနှင့် ပတ်သက်၍ လိုက်ပါဆောင်ရွက်ပေးရာမှ သာယာဝတီမြို့နယ် တရားသူကြီးမှ ၎င်းတို့ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၂၈ ဖြင့် တရားစွဲဆိုခဲ့သည်။

**မွန်ပြည်နယ်ဝန်ကြီးချုပ်ကို ဝေဖန်ခဲ့သူ အလုပ်နှင့် ထောင်ဒဏ် ၁ နှစ် ချမှတ်ခံရ**

စက်တင်ဘာလ ၂၇ ရက်နေ့တွင် သထုံမြို့နယ် တရားရုံးမှ သထုံအရပ်ဖက် အခြေပြု လူမှုအဖွဲ့အစည်းများ ကွန်ရက်၏ ဦးဆောင်ကော်မတီဝင် ဦးအောင်ကိုကိုလွင်အား နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေးဥပဒေ၊ ပုဒ်မ ၁၀ ဖြင့်ထောင်ဒဏ် တစ်နှစ် ချမှတ်ခဲ့သည်။ ဇန်နဝါရီလ ၃ ရက်နေ့တွင် သထုံမြို့၌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ် လွှတ်တော် ဥက္ကဌ ဒေါ်တင်တင်အိတို့ သထုံမြို့ခံများနှင့် တွေ့ဆုံပွဲ၌ ဝန်ကြီးချုပ်မှ ကုန်ဈေးနှုန်းကျဆင်းစေလိုလျှင် အိမ်တိုင်း ဟင်းတစ်မည်သာ စားရန် ပြောကြားခဲ့ခြင်းနှင့် ပတ်သက်ပြီး ဦးအောင်ကိုကိုလွင်သည် ၎င်း၏ လူမှုကွန်ယက် စာမျက်နှာတွင် ဝေဖန်ခဲ့ခြင်းအတွက် ဇန်နဝါရီလ ၆ ရက်နေ့တွင် မွန်ပြည်နယ် လွှတ်တော် တိုင်းရင်းသား လူမျိုးများရေးရာ ကော်မတီအဖွဲ့ဝင် ဦးစောကျော်မိုးမှ ဦးအောင်ကိုကိုလွင်ကို သထုံမြို့မရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

## ► ထောင်တွင်းအခြေအနေများ

**ညောင်ရွှေထောင်တွင်း ရောဂါမျိုးစုံအတွက် ဆေးတစ်မျိုးသာရှိဟု လူ့အခွင့်အရေးကော်မရှင်ထုတ်ပြန်**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တော် အနီးရှိ ညောင်ရွှေအကျဉ်းထောင်တွင် မည့်သည့် ရောဂါဖြစ်ဖြစ် ဆေးတစ်မျိုးတည်းကိုသာပေးကြောင်း သိရှိရသဖြင့် သင့်တော်သည့် ကုသမှုပေးရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) မှ စက်တင်ဘာလ ၁၁ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။ မည်သည့်ရောဂါဖြစ်ပွားစေကာမူ ဆေးတစ်မျိုးတည်းကိုသာ အသုံးပြုရသည်ဟု အကျဉ်းသားတချို့မှ တင်ပြကြောင်း MNHRC ပြောရေးဆိုခွင့်ရှိသူ ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။ ထို့ကြောင့် ထောင်ပိုင်၊ ထောင်မှူးများအနေဖြင့် ထောင်တွင်းဆေးပေးခန်းတာဝန်ရှိသူများမှ အကျဉ်းသားကို ကျန်းမာရေးအရ ဆေးပေးရာတွင် ဖြစ်ပွားသည့် ရောဂါနှင့် ဆေးဝါးမှန်ကန်မှုရှိစေရန် စိစစ်ကြပ်မတ်ဆောင်ရွက်ပေးရန် အကြံပြုတင်ပြခဲ့ကြောင်းလည်း ၎င်းမှ ထပ်မံပြောကြားခဲ့သည်။

**အင်းစိန်အကျဉ်းထောင်၏ အကျဉ်းသားအရေအတွက်မှာ သတ်မှတ်ချက်ထက်ပိုများနေ**

စက်တင်ဘာလ ၁၄ ရက်နေ့တွင်ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်သို့ တင်သွင်းသည့် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ ၂၀၁၆-၁၇ ခု ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာတွင် အင်းစိန်အကျဉ်းထောင်၏ အကျဉ်းသားအရေအတွက်မှာ သတ်မှတ်ထားသော အကျဉ်းသားဦးရေထက် အယောက် ၇၀၀၀ ကျော်ကို လက်ခံထားရကြောင်း ဖော်ပြထားသည်။

အင်းစိန်အကျဉ်းထောင်သည် ဗဟိုအဆင့်အကျဉ်းထောင်ဖြစ်ခြင်းကြောင့် အကျဉ်းသား ၅၀၀၀ ဦးရေ ထားရှိရမည်ဟု အကျဉ်းဦးစီးဌာနမှ သတ်မှတ်ထားသည်။ သို့သော်လည်း ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အချုပ်သား ၆၁၃၄ ဦး နှင့် အကျဉ်းသား ၆၀၂၄ ဦး စုစုပေါင်း ၁၂၁၅၈ ဦး ထားရှိရပြီး သတ်မှတ်ဦးရေထက် ၇၁၅၈ ဦး ပိုမိုနေသည်ကို တွေ့ရှိခဲ့ရသည်ဟု တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှမှ ပြောကြားခဲ့သည်။ ယင်းအပြင် အင်းစိန်ထောင် ဝန်ထမ်းဦးရေမှာလည်း ၆၀၃ ဦးသာ ရှိခြင်းကြောင့် ဝန်ထမ်းအင်အားနှင့် အကျဉ်းသားအင်အား အချိုးမှာ ၁:၂၀ ဖြစ်နေပြီး သတ်မှတ်ထားသည့် အချိုးမှာ ၁:၁၀ ဖြစ်သည့်အတွက် ထက်ဝက်နီးပါး ကွာဟနေသည်။

**အကျဉ်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ICRC ပူးပေါင်းလုပ်ဆောင်လိုကြောင်း အဆိုပြု**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရေးဆွဲလုပ်ဆောင်လျက်ရှိသော အကျဉ်းသားများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မှ ပူးပေါင်းလုပ်ဆောင်လိုကြောင်း စက်တင်ဘာလ ၁၃ ရက်နေ့တွင် နေပြည်တော်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ICRC ကိုယ်စားလှယ်အသစ်တို့ တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ လက်ရှိအကျဉ်းထောင်များအတွင်း အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် ပြည်ထဲရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး 'အမျိုးသားအကျဉ်းထောင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၈-၂၀၂၁)ကို ရေးဆွဲရန် စီစဉ်ထားသည်။

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**နန်းမိုဟွမ်ကို TNLA ဥပဒေဖြင့် အမှုဖွင့်အရေးယူ**

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ဖမ်းဆီးထားသည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့၊ ဟိုနောင်ရပ်ကွက်တွင် နေထိုင်သူ နန်းမိုဟွမ်ကို TNLA ဥပဒေဖြင့် TNLA ၏ ဗဟိုတရားရုံးတွင် အမှုဖွင့်အရေးယူထားသည်ဟု စက်တင်ဘာလ ၃ ရက်နေ့တွင် TNLA မှ သတင်းထုတ်ပြန်ခဲ့သည်။ နန်းမိုဟွမ်သည် TNLA ၏ အကောက်ခွန်ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ် အပြင်းအထန် ထိခိုက်သေဆုံးစေသည်ထိ တာဝန်ဝတ္တရားနှောင့်ယှက်ခဲ့မှုဖြင့် ၎င်းအား ဩဂုတ်လ ၁၇ ရက်နေ့တွင် သေနတ်ဖြင့် ချိန်ရွယ်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် TNLA တပ်ဖွဲ့သည် နန်းမိုဟွမ်၏ မိသားစုထံမှ ကျပ်ဆယ်သိန်းတောင်းခံခဲ့ပြီးအပြန်တွင် တိုက်ခိုက်ခြင်းခံခဲ့ရ၍ TNLA တပ်သားတစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦးမှာ လားရှိုးထောင်တွင် ဖမ်းဆီးခံခဲ့ရခြင်းနှင့် ပတ်သက်၍ နန်းမိုဟွမ်မှ တပ်မတော်ကို တိုင်ကြားခဲ့သည်ဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။

TNLA တပ်ဖွဲ့၏ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၃၃ ဖြင့် TNLA ဗဟိုတရားရုံးမှ အမှုကို လက်ခံစစ်ဆေးလျှက်ရှိပြီး စီရင်ချက် ချမှတ်မည့်နေ့တွင် နန်းမိုဟွမ်၏ ဆွေမျိုးများနှင့် အများပြည်သူရှေ့၌ စီရင်ချက်ချနိုင်ရန် TNLA မှ စီစဉ်ထားကြောင်း သိရှိရသည်။ နန်းမိုဟွမ်ကို ပြန်လွှတ်ပေးရန် ဒေသခံ လူမှုအခြေပြုအဖွဲ့အစည်းများမှ တောင်းဆိုနေသော်လည်း ၎င်းသည် ယနေ့ချိန်ထိ မိသားစုနှင့် တွေ့ဆုံခွင့် ရရှိခြင်းမရှိသေးပေ။ ထို့ပြင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) မှ နိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ထံသို့ နန်းမိုဟွမ်ကို ကူညီရန်တွက် စာတစ်စောင် ပေးပို့ခဲ့သည်။ ထို့ပြင် နန်းမိုဟွမ်ကို မကြာခင် ရက်ပိုင်းအတွင်း စီရင်ချက်ချတော့မည်ဖြစ်ကြောင်း TNLA သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ပိုလ်မှူး မိုင်းအိုက်ကျော်မှ ရောဝတီသို့ ပြောကြားခဲ့သည်။

ထို့ပြင် စက်တင်ဘာလ ၁၇ ရက်နေ့တွင် နန်းမိုဟွမ်လွတ်မြောက်ရန်အတွက် နမ့်ခမ်းမြို့မှ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) နှင့် ရှမ်းလူငယ်ကွန်ယက်စသည့် အဖွဲ့အစည်း ၁၅ ဖွဲ့မှ ဦးဆောင်၍ ဒေသခံ ထောင်ချီ၍ လှည့်လည်ဆန္ဒပြခဲ့ကြသည်။

**တပ်မ ၈၈ လက်အောက်ခံ တပ်ဖွဲ့များမှ ဒေသခံများကို ရှေ့တန်းစခန်းသို့ ရိက္ခာသယ်ပို့ခိုင်း**

တပ်မ ၈၈ လက်အောက်ခံ တပ်ဖွဲ့များမှ Nam Um (နန့်အိမ်) ရွာသားများကို မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားနေသော ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်အတွင်းရှိ ၎င်းတို့၏ ရှေ့တန်းစခန်းများသို့ စားနပ်ရိက္ခာနှင့် အရက်ဖြူများ သယ်ပို့ခိုင်းကြောင်းသိရှိရသည်။ တပ်မ ၈၈ လက်အောက်ခံ တပ်ဖွဲ့များမှ Nam Um (နန့်အိမ်) ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ကို တောင်းဆိုသောအတွက် ထော်လာဂျီကားတစ်စီးဖြင့် Loi Seng (လွယ်ဆိုင်) ရှေ့တန်းနယ်မြေသို့ စက်တင်ဘာလ ၁ ရက်နေ့တွင် ပို့ပေးခဲ့ရကြောင်း အမည်မဖော်လိုသူ ဒေသခံတစ်ဦးမှ ပြောကြားခဲ့ သည်။

**ကမ္ဘာလုံးဆိုင်ရာ တရားဥပဒေစိုးမိုးမှု အညွှန်းကိန်းတွင် မြန်မာ အဆင့်ကျ**

မြန်မာနိုင်ငံသည် တမ္ဘာလုံးဆိုင်ရာ တရားဥပဒေစိုးမိုးရေးညွှန်းကိန်းတွင် ယမန်နှစ်ထက် အဆင့်နှစ်နေရာပြုတ်ကျသွားပြီး အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် ဒုတိယ အနိမ့်ကျဆုံးဖြစ်သွားခဲ့သည်။ ဝါရှင်တန်အခြေစိုက် ကမ္ဘာ့တရားမျှတမှုစီမံချက် (WJP) ၏ ၂၀၁၇-၂၀၁၈ အစီရင်ခံစာအရ နိုင်ငံပေါင်း ၁၁၃ နိုင်ငံအနက် ကမ္ဘာ့အဆင့်တွင် မြန်မာနိုင်ငံသည် အမှတ် ၁၀၀ နေရာတွင် ရှိနေပြီး အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ၁၅ နိုင်ငံတွင် ၁၄ နေရာ လျှော့ကျသွားသည်။ ဥပဒေပြုရေး၊ ဌာနဆိုင်ရာ၊ ရဲ၊ စစ်တပ်နှင့် တရားစီရင်ရေးတို့တွင် ဆိုးဝါးစွာ အကျင့်ပျက်ခြစားမှုများ ရှိနေသဖြင့် အနိမ့်ဆုံးအဆင့် ကျဆင်းသွားရခြင်း ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာအရ သိရသည်။

**တပ်မတော်မှ ဖမ်းဆီးသွားသော ကထန်ယန် ကျေးရွာသားနှစ်ဦးကို မတရားအသင်းဆက်သွယ်မှုဖြင့် အရေးယူ**

ကာမိုင်းဗျူဟာ တပ်မ (၃၃) လက်အောက်ခံ တပ်များမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ Kahtan Yang (ကထန်ယန်) ကျေးရွာအုပ်စု၊ ရပ်ကွက် (၂) နေ ဦးဖော်ယမ်လဆမ် (Hpauyam La Sam) နှင့် လွယ်ဆိုင်ကျေးရွာ၊ ရပ်ကွက် (၂) နေ

ဦးလဖျော်ခေါင်ဒေါင် (Lapyaw Hkawng Dau) တို့သည် မတရားအသင်း ဆက်သွယ်မှု ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်အရေးယူခြင်း ခံထားရသည်။ ၎င်းတို့ကို ခလရ (၂၁) မှ ဗိုလ်ကြီး ဇော်မျိုးနိုင်မှ တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်တန်းခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာလ ၅ ရက်နေ့တွင် အင်အား ၁၀၀ ကျော်ခန့်ရှိသော စစ်ကြောင်းသည် ကထန်ယန်နှင့် လွယ်ဆိုင်ကျေးရွာတို့ရှိ မသင်္ကာသော အိမ်များကို ဝင်ရောက်စစ်ဆေးခဲ့သည်။ ထို့နောက် ဦး Hpauyam La Sam နှင့် ဦး Lapyaw Hkawng Dau တို့ကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ယခုလက်ရှိတွင် ၎င်းတို့နှစ်ဦးကို မြစ်ကြီးနားမြို့မရဲစခန်းတွင် ထိန်းသိမ်းထားသည်။ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ၎င်းတို့နှစ်ဦးကို ပထမအကြိမ် ရုံးထုတ်ခဲ့ပြီး ၎င်းတို့ကို စစ်ဆေးခြင်းမရှိဘဲ တရားလိုကို ဦးစွာ စစ်ဆေးခဲ့သည်။ အောက်တိုဘာလ ၂ ရက်နေ့တွင် ဒုတိယအကြိမ်ရုံးချိန်းကို ချိန်းဆိုထားသည်။

## ရှမ်း၊ ပလောင် တိုင်းရင်းသား ၄ ဦး ပျောက်ဆုံးနေ

တရုတ်နိုင်ငံ ရွှေလီမြို့ကို အလုပ်သွားလုပ်၍ ပြန်လာသော ရှမ်း၊ ပလောင်တိုင်းရင်းသား လေးဦးသည် ဟိုနောင်-နမ့်ပန်း ကူးတို့ဆိပ်အရောက်တွင် ပျောက်ဆုံးသွားခဲ့သည်မှာ တစ်လနီးပါးရှိပြီဖြစ်ကြောင်း ၎င်းတို့၏ မိသားစုဝင်များမှ စက်တင်ဘာလ ၁၅ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်၍ ပြောကြားခဲ့သည်။ ဩဂုတ်လ ၁၉ ရက်နေ့တွင် ပျောက်ဆုံးနေသူများဖြစ်သော ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာအုပ်စု (ပြိန်းခံ) တိန်တောက်ရွာမှ အသက် ၂၃ နှစ်အရွယ် စိုင်းအိုက်ယွမ်း၊ အသက် ၂၂ နှစ်အရွယ် စိုင်းအိုက်ထွန်း၊ အသက် ၁၉ နှစ်အရွယ် စိုင်းအိုက်ရီနဲ့ စိုင်းမာန်လူတို့သည် ပြန်လာခြင်းဖြစ်ပြီး ဟိုနောင်-နမ့်ပန်း ကူးတို့ဆိပ်အထိ အဆက်အသွယ်ရရှိခဲ့ကြောင်း ပျောက်ဆုံးနေသူတစ်ဦး၏ အစ်ကိုဖြစ်သူ စိုင်းကျန်လှမှ ပြောပြသည်ကို စကားပြန်မှ ရှင်းပြခဲ့ခြင်းဖြစ်သည်။

၎င်းတို့ပျောက်ဆုံးသွားသည့် ကူးတို့ဆိပ်ပတ်ဝန်းကျင်သည် RCSS တပ်ဖွဲ့များ လှုပ်ရှားသည့် နေရာဖြစ်ခြင်းကြောင့် မိသားစုဝင်များမှ RCSS အဖွဲ့ကို သွားရောက်မေးမြန်းရာတွင် ဖြစ်စဉ်ကိုမသိရှိကြောင်းနှင့် RCSS တပ်စခန်းရှိရာ နေရာကို ဝင်ရောက်ရှာဖွေခွင့်မပေးခဲ့ပါဟု မိသားစုဝင်များမှ ပြောကြားခဲ့သည်။

## စစ်တပ်အခြေစိုက်စခန်းကို လက်နက်ကိုင်တပ်ဖွဲ့မှ တိုက်ခိုက်ခဲ့ပြီးနောက် တောင်သူများ၏ ကောက်ပဲသီးနှံများကို ဖျက်ဆီး

စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ မန်လီရွာရှိ ရွာသားများမှ ၎င်းတို့၏ လယ်ကွင်းများအား စစ်တပ်မှ ဖျက်စီးခြင်းနှင့် ပတ်သက်၍ လက်ခံသည်ဟူသော သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် အတင်းအကြပ် ဖိအားပေး ခိုင်းစေခြင်းခံခဲ့ရသည်ဟု ပြောကြားခဲ့သည်။ ခြေမြန်တပ်ရင်း (ခမရ) ၁၇ မှ ၎င်းတို့၏ အခြေစိုက်စခန်းကို စက်တင်ဘာလ ၁၃ ရက်နေ့တွင် အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့မှ တိုက်ခိုက်ခဲ့ပြီးနောက် ဒေသခံ ရွာသားများ၏ ပြောင်းခင်းများကို ဖျက်ဆီးခဲ့သည်။ ထိုကဲ့သို့ တိုက်ခိုက်မှုကြောင့် စစ်တပ်ဘက်မှ စစ်သားတစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရရှိခဲ့သည်ဟု သိရှိရသည်။ တောင်သူများမှ ပြောင်းခြံ ပျက်စီးသွားခြင်းနှင့် ပတ်သက်၍ လျော်ကြေးငွေ လက်ခံရရှိနိုင်ရန်အတွက် ယင်းနှင့် သက်ဆိုင်သော သက်သေ အထောက်အထားများကို စုဆောင်းခဲ့ကြပြီးဖြစ်သည်ဟု မန်လီရွာသူကြီး လုံစိုင်းမှ ပြောဆိုခဲ့သည်။

## ညောင်သုံးပင်ရွာသားကို ရဲ ၃ ဦးမှ ရိုက်နှက်သောကြောင့် ဆေးကုသမှုခံယူနေရ

စက်တင်ဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၌ အရပ်ဝတ်ဝတ်ထားသည့် နယ်ထိန်း ဦးဇော်မင်းဦး အပါအဝင် ရဲသုံးဦးမှ လယ်ထဲမှ ပြန်လာသော ကိုအောင်ကျော်မိုးကို လမ်းပိတ်သည်ဟုဆိုကာ လက်ထိပ်ခတ်၍ သံတုတ်ဖြင့် ရိုက်နှက်ထိုးကြိတ်ခဲ့သည်။

ထိုကိစ္စနှင့် ပတ်သက်၍ ထန်းတပင်မြို့မ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဇော်ထွန်းမှ ကိုအောင်ကျော်မိုးသည် လမ်း၌ မူးယစ်ရမ်း ကားနေခြင်းကြောင့် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ကိုအောင်ကျော်မိုးကို မူးယစ်ရမ်းကားမှုနှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို ထိခိုက်နာကျင်စေမှု စသည့်ပုဒ်မနှစ်ခုဖြင့် အမှုဖွင့်ထားသည်ဟု ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

ကိုအောင်ကျော်မိုးသည် ရိုက်နှက်ခံထားရသည့်ဒဏ်ကြောင့် ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေရာမှ ပြန်ဆင်းခဲ့သည်။ သို့သော်လည်း ဒဏ်ရာသက်သာခြင်းမရှိသောကြောင့် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ထန်းတပင်မြို့နယ် ဆေးရုံကြီး၌ ဆေးကုသမှုခံယူခဲ့နေသည်ကို ဆေးရုံတာဝန်ရှိသူများမှ ၎င်းကို အတင်းအကြပ် ဆင်းခိုင်းခဲ့သည်ဟု ၎င်း၏ မိသားစုဝင်များမှ ပြောကြားခဲ့

သည်။ ယင်းအမှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်း အစိုးရအဖွဲ့၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ပြည်ထဲရေး ဝန်ကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များထံ တိုင်ကြားစာပေးပို့ထားသည်ဟုလည်း ၎င်းတို့မှ ထပ်မံပြောဆိုခဲ့ သည်။

**ကြားဖြတ်ရွေးကောက်ပွဲအတွက် SNLD ၏ ပြင်ဦးလွင် စည်းရုံးရေးခရီးစဉ်တစ်ခု ဟန့်တားခံရ**

ကြားဖြတ်ရွေးကောက်ပွဲအတွက် စက်တင်ဘာလ ၂၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် အတွင်း သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) မှ စည်းရုံးရေးဆင်းရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ဟန့်တားမှုများ ပြုလုပ်ခဲ့သည်။ သျှမ်းပြည်မြောက်ပိုင်း SNLD အတွင်းရေးမှူးဖြစ်သူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းဝမ်းလျန်းခမ်းမှ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ထိုကိစ္စကို စီစစ်၍ ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

**ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) မှ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်း**

ရှမ်းပြည်နယ်အတွင်းရှိ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) မှ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည်ဟု UWSA မှ ပြောရေးဆိုခွင့်ရှိသူ ဦးညီရန်ဂမှ ပြောကြားခဲ့သည်။ ထိုဘာသာရေးခေါင်းဆောင်များသည် ဘာသာရေး အစွန်းရောက်ဝါဒကို အားပေးသည်ဟု စွပ်စွဲခြင်းခံထားရသည်။ ဝဒေသတွင် နေထိုင်သူအများစုသည် နတ်ကိုးကွယ်ကြသော်လည်း ၎င်းတို့သည် ဗုဒ္ဓဘာသာ၊ နှစ်ခြင်းခရစ်ယာန်ဘာသာနှင့် ရိုမန်ကတ်သလစ် ဘာသာဝင်များဖြစ်ကြသည်။ ဝလူမျိုးစု၏ မဟာမိတ်ဖြစ်သော တရုတ်နိုင်ငံတွင် ခရစ်ယာန်များအား အလားတူသော ဖိနှိပ်မှုများရှိလာချိန်တွင် ထိုလှုပ်ရှားမှုများလည်း ထွက်ပေါ်လာခြင်းဖြစ်သည်။

ဝဒေသတွင် ခရစ်ယာန် ဓမ္မဆရာ၊ ဆရာမ ၉၂ ပါးကို ဖမ်းဆီးထိန်းသိမ်းထားပြီး ကျမ်းစာတက်နေသည့် ကျောင်းသူ၊ ကျောင်းသား ၄၁ ဦးကို ဝ အာဏာပိုင်များမှ ဖမ်းဆီးစစ်မှုထမ်းခိုင်းထားကြောင်း လားဟူနှစ်ခြင်း ခရစ်ယာန်အသင်းတော်၏ အကူအညီတောင်းစာတွင် ဖော်ပြထားသည်။

**ဘားအံမှ နေပြည်တော်ထိ ခရီးရှည်လမ်းလျှောက်ဆန္ဒပြသူများ ဖြူးမြို့နယ် ရောက်ရှိ**

မြေယာပြဿနာများဖြေရှင်းပေးရေးအတွက် ကရင်ပြည်နယ်၊ ဘားအံမြို့မှ နေပြည်တော်အထိ လမ်းလျှောက်ဆန္ဒပြနေသူများသည် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းသို့ ရောက်ရှိလာခဲ့သည်။ ဆန္ဒထုတ်ဖော်မှုကို (၈၈) ကရင်မျိုးဆက်ကျောင်းသားများ၏ လူမှုဖွံ့ဖြိုးရေးအသင်းမှ လုပ်ဆောင်ခြင်းဖြစ်ပြီး လမ်းလျှောက် ဆန္ဒဖော်ထုတ်မှုကို စက်တင်ဘာ ၁၅ ရက်နေ့တွင် ဘားအံမြို့ ကျောက်တိုင်ကွင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ရန် ကရင်ပြည်နယ်တာဝန်ရှိသူများထံသို့ တင်ပြရာ၌ ကန့်ကွက်ခံခဲ့ရသလို ဘားအံမြို့ကျောက်တိုင်ကွင်းမှ စထွက်စဉ်တွင်လည်း လမ်းလျှောက်သူ လေးဦးအနက် သုံးဦးကို ငြိမ်း၊စု၊စီ ပုဒ်မ ၂၀ ဖြင့် တရားစွဲထားပြီးဖြစ်သည်ဟု သိရှိရသည်။

**ရှမ်းရွာသားများကို တပ်မတော်မှ ပြန်လွှတ်**

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းပန်မြို့နယ်အတွင်း တပ်သားနှစ်ဦး ပျောက်ဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသော နောင်လေးရွာသား ခုနစ်ဦးကို စက်တင်ဘာလ ၂၅ ရက်နေ့တွင် တပ်မတော်မှ ပြန်လည်လွှတ်ပေးခဲ့သည်။ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကြည်းတပ် ခလရ ၂၉၆ မှ တပ်သားနှစ်ဦးသည် တပ်စခန်းမှ ထွက်သွားခဲ့ပြီးနောက် ပျောက်ဆုံးသွားခြင်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ် ပြည်လည်ထူထောင်ရေး ကောင်စီ (RCSS) ပါဝင်ပတ်သက်မှု မကင်းကြောင်း တပ်မတော်မှ အစောပိုင်းတွင် စွပ်စွဲပြောဆိုခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့မှ ယင်းတပ်သားများကို ပြန်လွှတ်ပေးခြင်းမရှိပါလျှင် ဖမ်းဆီးထားသော ရွာသားများ၏ လုံခြုံရေးကို တာဝန်မယူဟု စစ်တပ်မှ ခြိမ်းခြောက်ခဲ့ကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။

## ▶ လယ်ယာမြေအငြင်းပွားမှုများ

**စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိသည့် မြေယာများ ပြန်လည်စွန့်လွှတ်ပေးရန်နှင့် တောင်သူများအား တရားစွဲဆိုထားသည့် စည်ပင်တာဝန်ရှိသူအား အရေးယူပေးရန် ဆန္ဒထုတ်ဖော်**

နေပြည်တော်တည်ဆောက်ရေး စီမံကိန်းအတွက် သိမ်းဆည်းခဲ့သည့် မြေယာများအနက် စီမံကိန်းအကောင်အ

ထည်ဖော် ဆောင်ရွက်ခြင်းမရှိသည့် မြေယာများအား မူလတောင်သူများထံ ပြန်လည်စွန့်လွှတ်ပေးရန်နှင့် ဒေသခံတောင်သူများအား တရားစွဲဆိုထားသည့် ဇမ္ဗူသီရိမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးအား အရေးယူပေးရန် စက်တင်ဘာလ ၂ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရမြို့နယ်ရှိ ရွှေနံ့သာဘောလုံးကွင်း၌ လယ်ယာမြေသိမ်းဆည်းခံ တောင်သူများမှ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ နေပြည်တော် တည်ဆောက်ရေး စီမံကိန်းကာလတွင် ဒေသခံများ၏ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများကို သိမ်းဆည်းခဲ့ပြီး ယနေ့ချိန်ထိ မည်သည့်စီမံကိန်းမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိသော လယ်ယာမြေများကို အစိုးရမှ အမြန်ဆုံးပြန်လည်စွန့်လွှတ်ပေးရန်နှင့် ယင်းမြေများနှင့် ပတ်သက်၍ ဒေသခံ တောင်သူများကို တရားစွဲဆိုမှုရှိသည့်အတွက် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်ဟု ဒေသခံများမှ ပြောဆိုခဲ့ကြသည်။

**လက်ပံတောင်း မြေယာလျော်ကြေးများထုတ်ရန် ဒေသခံများ ငြင်းပယ်**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှ သိမ်းယူထားသည့် လယ်ယာမြေများအတွက် ဘဏ်၌အပ်နှံထားသည့် လျော်ကြေးငွေများ ထုတ်ယူကြရန် စက်တင်ဘာလ ၄ ရက်နေ့တွင် ဆားလင်းကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD ) အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ ကြားဝင်ဆွေးနွေးခဲ့သော်လည်း ဒေသခံများမှ ငြင်းပယ်ခဲ့သည်။ အဆိုပါ စီမံကိန်း လုပ်ဆောင်နေသည့် တရုတ်ဝမ်ပေါင်ကုမ္ပဏီအနေဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အချက်များကို လေးစားလိုက်နာမှု မရှိသောကြောင့် လျော်ကြေးငွေများကို လက်မခံခြင်းဖြစ်ကြောင်း ဒေသခံတောင်သူ တစ်ဦးဖြစ်သူ ဒေါ်စန်းနွဲ့မှ ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းပြုလုပ်ရန် သိမ်းယူထားသည့် လယ်ယာမြေများအတွက် တစ်ဧကလျှင် လျော်ကြေးငွေ ၁၀ သိန်း၊ ထောက်ပံ့ကြေးအနေဖြင့် ၈ သိန်း၊ စုစုပေါင်း ၁၈ သိန်းကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ယင်းလျော်ကြေးများကို လက်ခံခြင်းမရှိသူများအတွက် ဘဏ်၌ အပ်နှံပေးခဲ့သည်။ ဘဏ်၌ အပ်နှံပေးထားသည်မှာ လေးနှစ်နီးပါးကြာလာပြီဖြစ်သည့်တွက် အတိုးပါရရှိမည့် ငွေများကိုပါ ထုတ်ယူကြရန် NLD အလုပ်အမှုဆောင်များမှ သွားရောက်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

**တောင်သူများကို ကာကွယ်ပေးနိုင်မည့် မြေယာဥပဒေ ပေါ်ထွန်းရေး လူထုဆွေးနွေးပွဲ ပြုလုပ်**

ဖက်ဒရယ်စံနှုန်းနှင့် ကိုက်ညီပြီး တောင်သူများကို အကာအကွယ်ပေးနိုင်မည့် မြေယာဥပဒေ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ စက်တင်ဘာလ ၅ ရက်နေ့နှင့် ၆ ရက်နေ့တို့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ စည်ကားကျေးရွာရှိ အာရုအလင်းရောင် ကျောင်းတိုက်၌ လူထုဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ မြေယာနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ်တွင် မြေယာဥပဒေ ထွက်ရှိခဲ့သော်လည်း ပြည်သူလူထု၊ တောင်သူလယ်သမားများနှင့် ကိုက်ညီမှုမရှိသဖြင့် မြေအသုံးချမှုနှင့် မြေယာအကျပ်အတည်းပြဿနာများ ဖြစ်ပေါ်နေရခြင်းဖြစ်သည်ဟု လယ်ယာမြေအရေး တက်ကြွလှုပ်ရှား ဆောင်ရွက်သူများမှ ပြောဆိုခဲ့သည်။

လူထုမြေယာဆွေးနွေးပွဲသို့ နိုင်ငံတစ်ဝန်းမှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ လယ်ယာမြေအရေးတက်ကြွ လှုပ်ရှားသူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် ဥပဒေပညာရှင်များ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**မိုးဖြူမှ တပ်သိမ်းမြေ ဧက ၂၀၀ ကျော် တပ်မတော် ပြန်လည်ပေးအပ်**

စက်တင်ဘာလ ၈ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်ခန်းမ၌ ဖယ်ခုံမြို့နယ်၊ မိုးဖြူရှိ တပ်သိမ်းမြေ ဧက ၂၀၀ ကျော်ကို တပ်မတော် ခမရ ၄၂၂ တပ်ရင်းမှ ဒေသခံတောင်သူ ၂၂၈ ဦးထံ ပြန်လည်ပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။ ထိုအခမ်းအနားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်အပါအဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဖယ်ခုံမြို့နယ်လွှတ်တော်အမတ်များ တက်ရောက်ခဲ့ကြသည်။

တပ်မတော်မှ ယခုကဲ့သို့ မြေဧကအချို့ကို ပြန်လည်ပေးအပ်ခဲ့သော်လည်း ဒေသခံ တောင်သူအချို့သာ ပြန်လည်ရရှိပြီး မြေပြန်လည် မရရှိသေးသည့် တောင်သူများလည်း ကျန်ရှိနေသေးသည်ဟု တောင်သူများမှ ပြောကြားခဲ့သည်။ ယခုလို လွှဲအပ်လိုက်သည့် မြေများသည် ဧက ၂၀၀ ကျော်သာရှိပြီး ဧက ၈၀၀ ကျော် ကျန်ရှိနေသေးခြင်းကြောင့် တောင်သူများမှ မြေများ ပြန်လည်ရရှိရန် ဆက်ပြီး တောင်းဆိုသွားမည်ဟု ပြောကြားခဲ့သည်။ အဆိုပါမြေ

များကို တပ်မတော် ခမရ ၄၂၂ တပ်ရင်းမှ ၁၉၉၂ ခုနှစ်တွင် သိမ်းယူခဲ့သည့် မြေများ ဖြစ်သည်။

**တပ်သိမ်းမြေဧက တစ်ထောင်ကျော်ကို ပြန်ပေးရန် ကျောက်တော်လယ်သမားများ ဆန္ဒပြ တောင်းဆို**

စက်တင်ဘာလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှ လယ်သမား ၂၀၀ ခန့်မှ တပ်သိမ်း မြေဧက တစ်ထောင်ကျော်အား ပြန်ပေးရန် ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ ကျော်တော်မြို့နယ်အတွင်းရှိ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ညောင်ပင်လုနှင့် ပိန္နဲချောင်းကျေးရွာတို့မှ လယ်သမား တစ်ရာကျော်၏ လယ်မြေဧကပေါင်း တစ်ထောင်ကျော်အား ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် တပ်မတော်မှ သိမ်းဆည်းခဲ့ကြောင်း လယ်သမားများမှ ပြောကြားခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ကျောက်တော်မြို့နယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်မှ မေးခွန်းမေးမြန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စု ဒုဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်မှ အဆိုပါ သိမ်းဆည်းမြေများအား လျော်ကြေးများပေးအပ်ထားပြီးဖြစ်သည့်အတွက် လယ်မြေများအား ပြန်လည်ပေးအပ်ရန် အစီအစဉ် မရှိပါဟု ဖြေကြားခဲ့သည်။ သို့သော်လည်း ညောင်ပင်လုကျေးရွာမှ လယ်သမား ဦးကျော်လှထွန်းမှ ၎င်းတို့လျော်ကြေးရရှိခြင်းမရှိသေးကြောင်း ပြောကြားခဲ့သည်။ သိမ်းယူထားသော လယ်ယာမြေများအနက် စကခ (၉) မှ သိမ်းယူထားသော လယ်မြေမှာ အများဆုံးဖြစ်ပြီး အမှတ် ၃၇၄၊ ၃၇၅၊ ၃၇၆ တပ်ရင်းများမှ သိမ်းထားသော လယ်မြေများလည်း ရှိသည်ဟု ဦးကျော်လှထွန်းမှ ပြောကြားခဲ့သည်။

**ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေပေါ် ခမရ ၅၃၉ မှ ကျောက်ထုတ်**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပြောင်းဆိပ်၊ ပြိန်းချောင်း၊ အုတ်တောင်ပြင် ကျေးရွာသားများအပိုင် စားကျက်မြေ ၃၀ ဧကနှင့် ဥယျာဉ်ခြံမြေ ၉၀ ဧကကို ကာကွယ်ရေးဝန်ကြီးဌာနမှ ၁၉၉၆ ခုနှစ်တွင် ပြန်လည်စွန့်လွှတ်ခဲ့ပြီးဖြစ်သော်လည်း ယနေ့ထိ မူလပိုင်ရှင်များထံ လွှဲပြောင်းခြင်းမရှိဘဲ ခမရ ၅၃၉ မှ ကျောက်ထုတ်လုပ်နေသည်ဟု ဒေသခံ တောင်သူ လယ်သမားများမှ ပြောကြားခဲ့သည်။ ယခုကဲ့သို့ ကျောက်ထုတ်လုပ်နေမှုကို ပုဂ္ဂလိက ကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်း ထုတ်လုပ်နေခြင်းဖြစ်ပြီး တရားဝင် ဓာတ်သတ္တုခွန်လည်း ပေးသွင်းခြင်းမရှိကြောင်း ပြောင်းဆိပ်ကျေးရွာသား ဦးထွန်းလှမှ ပြောကြားခဲ့သည်။ ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဝင်းမှ ၎င်းအနေနှင့် ကာကွယ်ရေး ဝန်ကြီးဌာနကို စာဖြင့်မေးမြန်းသောအခါ ကာကွယ်ဝန်ကြီးဌာနမှ ထိုမြေဧက ၁၂၀ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် State Land အဖြစ် သတ်မှတ်ထားရှိသည့် မြေဖြစ်ကြောင်း အကြောင်းပြန် ကြားထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းမြေများကို ခမရ ၅၃၉ မှ သိမ်းယူခဲ့ခြင်းဖြစ်သည်။

**တစ်နိုင်ငံလုံးရှိ သိမ်းဆည်းခံမြေများကိုစစ ယခုနှစ်အတွင်း အပြီးစစ်ရန် သမ္မတ ညွှန်ကြား**

နိုင်ငံတော် သမ္မတဦးဝင်းမြင့်မှ သိမ်းဆည်းခံထားရသည့် လယ်ယာမြေနှင့် အခြားမြေများကိုစစ္စအား ဒီဇင်ဘာလ ၃၁ ရက်နေ့ မတိုင်မီ အပြီးစစ်ဆေးရန် တစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်များကို လမ်းညွှန်ချက်ပေးပို့၍ ညွှန်ကြားထားကြောင်း သိရှိရသည်။ ယင်းညွှန်ကြားချက်နှင့် ပတ်သက်၍ စက်တင်ဘာလ ၁၈ ရက်နေ့၌ အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သည့် မြေယာကိစ္စ သတင်းစာရှင်းလင်းပွဲ၌ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှမိုးအောင်မှ ပြောဆိုခြင်းဖြစ်သည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး သိမ်းဆည်းခံ လယ်ယာမြေနှင့် အခြားမြေများပြန်လည်စိစစ်ရေးကော်မတီ (မြေ/စစ်ကော်မတီ) အနေဖြင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ လမ်းညွှန်ချက်အတိုင်း ဒီဇင်ဘာလ ၃၁ ရက်နေ့အမီ မြေယာသိမ်းဆည်းသည့်အမှုများ ပြီးစီးအောင် စစ်ဆေးဆောင်ရွက်နေကြောင်း ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

**မြေယာပြဿနာများ စိစစ်ရာ၌ စိတ်ထားဖြောင့်မတ်ပြီး စေတနာမှန်ဖြင့် ဖြေရှင်းပေးရန် ဒုသမ္မတတိုက်တွန်း**

စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ သံတောင်ကြီးမြို့နယ်၊ တောပြာကြီး ကျေးရွာအုပ်စုအတွင်း စက်မှုဂန်ကြီးဌာနနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့မှ သိမ်းဆည်းခဲ့သော မြေ ၃၃၂ ဧကကို မူလတောင်သူ ၂၇ ဦးထံ ယာယီလုပ်ပိုင်ခွင့်ပြု ပုံစံ (၃) များ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။ ထိုအခမ်း အနား၌ ဒုသမ္မတ ဦးဟင်နရီဗန်ထီးယူမှ သိမ်းဆည်းခံ မြေယာပြဿနာများသည် ရှုပ်ထွေးနက်ရှိုင်းသောကြောင့် မြေယာဆိုင်ရာ ပြဿနာများဖြေရှင်းရာတွင် ပါဝင်သူများအနေနှင့် စိတ်ထားဖြောင့်မတ်ပြီး စိတ်ရင်းစေတနာမှန် ကန်စွာဖြင့် ဖြေရှင်းပေးကြရန် တိုက်တွန်းခဲ့သည်။ ထို့ပြင် လက်ရှိအသုံးပြုခြင်းမရှိသော မစွန့်လွှတ်သေးသည့် မြေယာများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြန်ပြန်လည် စွန့်လွှတ်ရေး၊ စွန့်လွှတ်ပြီးသည့် မြေယာများကို မူလသက်ဆိုင်သူ

တောင်သူများ လက်ဝယ် အမြန်လွှဲပြောင်း ပေးအပ်နိုင်ရေး အတွက်လည်း တွန်းအားပေးခဲ့သည်ဟု ဒုသမ္မတ ဦးဟင်နရီဗန်ထီးယူမှ ပြောကြားခဲ့သည်။

### မြေမဖယ်ပေးလို၍ လွိုင်ကော်တွင် ဆန္ဒထုတ်ဖော်

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ မြကလပ်တောင်အနောက်ဘက်ရှိ မြေများကို အစိုးရအဆက်ဆက် လက်နက်ကိုင် အဖွဲ့များကို လုပ်ကိုင်ခွင့်ပေးခဲ့သည့် မြေယာများတွင် နေထိုင်လုပ်ကိုင်သူများကို လွိုင်ကော်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ ဖယ်ခိုင်းသည်ကို မဖယ်ပေးလိုသည့်အတွက် စက်တင်ဘာလ ၂၃ ရက်နေ့တွင် လူအင်အား ၈၀ ခန့်မှ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဆန္ဒထုတ်ဖော်သူများသည် အဖိနိုပ်ခံ မြေယာရရှိရေး၊ လက်ရှိမြေနေရာမှ မဖယ်ရှားရေးနှင့် လက်ရှိမြေယာများ တရားဝင်အမည်ပေါက် ရရှိရေးဟူ၍ ရေးထားသော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။

### နီကယ်စီမံကိန်းကြောင့် ပျက်စီးခဲ့သော လယ်များအတွက် နစ်နာကြေးပေး

စက်တင်ဘာလ ၁၈ ရက်နေ့တွင် တရုတ်သတ္တုတူးဖော်ရေး CNICO (Myanmar CNMC Nikel) ကုမ္ပဏီမှ တကောင်းနီကယ်စက်ရုံမှ စွန့်ပစ်မြေနီများကြောင့် ပျက်စီးခဲ့သည့် လယ်ဧက ၄၀၀ ကျော်အတွက် တောင်သူများကို နစ်နာကြေးပေးခဲ့သည်။ နီကယ်စက်ရုံမှ စွန့်ပစ်မြေများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်ရှိ ရေရှင်၊ သွေးကျောက်၊ ကျောက်ပါးစပ်၊ ရွှေတောင်ချောင်းတို့မှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအုပ်စုရှိ လယ်ယာမြေများနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေများပေါ် ကျရောက်ခဲ့ကြောင်း အင်းနက်ကျေးရွာဒေသခံ ဦးမောင်စိန်မှ ပြောကြားခဲ့သည်။ ဒေသခံတောင်သူများသည် မြေနီကျရောက်မှုကြောင့် နစ်နာကြေးပေးရန် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့နှင့် စက်တင်ဘာ ၂၂ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၌ ဆန္ဒထုတ်ဖော်ခဲ့သည်။

မြေနီကျရောက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော လယ်ယာမြေများအတွက် တစ်ဧကလျှင် ကျပ်ခုနစ်သိန်းနှုန်းဖြင့် တောင်သူ ၈၃ ဦးအား ပေးချေခဲ့သည်။

### မကွေး-နေပြည်တော် မီးရထားလမ်း မြေယာလျော်ကြေးရသင့်သူများ မရဟုဆို

စက်တင်ဘာလ ၁၇ ရက်နေ့တွင် မကွေး - နတ်မောက် - ပျော်ဘွယ် မီးရထားလမ်း ဖောက်လုပ်စဉ်က လယ်ယာမြေပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအတွက် လျော်ကြေးပေးအပ်ခဲ့သော်လည်း အမှန်တကယ်နစ်နာ ဆုံးရှုံးသည့် တောင်သူများ မရရှိဘဲ ကျန်ရှိနေကြောင်း မြေယာနစ်နာကြေး မရရှိသေးသည့် တောင်သူ ဦးတင်သောင်းမှ ပြောကြားခဲ့သည်။ ထိုသို့ လျော်ကြေးငွေပေးအပ်ခဲ့ရာ၌ အမှန်တကယ် နစ်နာဆုံးရှုံးခဲ့သည့် တောင်သူ ငါးဦးခန့်မှာ လျော်ကြေးမရရှိဘဲ နစ်နာဆုံးရှုံးမှု မရှိသည့် တောင်သူ ဆယ်ဦးခန့်မှာ လျော်ကြေးငွေရရှိသည့်ထဲတွင် ပါဝင်နေကြောင်း ၎င်းမှ ထပ်မံပြော ဆိုခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် နတ်မောက်မြို့နယ်အတွင်း အဆိုပါ မီးရထားလမ်း ဖောက်လုပ်ခဲ့ရာ၌ တောင်သူ ၁၂၀ ကျော်၏ လယ်ယာမြေဧကပေါင်း ၁၀၆.၀၇ ပျက်စီးဆုံးရှုံးခဲ့သည်။

### ဝယ်ယူထားသည့်လယ်မြေတွင် စိုက်ပျိုးခွင့်မပြုသဖြင့် ရွှေကျင်မြို့နယ်တွင် တောင်သူများ ဆန္ဒပြ

ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်တွင် နှစ်ပေါင်း ၂၀ ကျော် စိုက်ပျိုးလုပ်ကိုင်လာသည့် လယ်ယာမြေများပေါ်၌ တောင်သူများကို မြို့နယ်အုပ်ချုပ်ရေးမှူးမှ စိုက်ပျိုးခွင့်မပြုသည့်အတွက် ဒေသခံတောင်သူ ၃၀ ကျော်မှ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ၁၉၉၈-၉၉ ခုနှစ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ လက်မှတ်ဖြင့် မြေယာခွဲဝေချထားခဲ့ပြီး မြို့နယ်ဌာနဆိုင်ရာပေါင်းစုံမှ တောင်သူများကို တစ်ဆင့်ပြန်လည်ရောင်းချခဲ့၍ ဝယ်ယူထားခဲ့ခြင်းဖြစ်ပြီး ဧက ၁၀၀ နီးပါးကို တောင်သူ ၃၀ ကျော်မှ ထွန်ယက်စိုက်ပျိုးနေခြင်းကို တားမြစ်ခံခဲ့ရခြင်းဖြစ်သည်။

စက်တင်ဘာ ၁၉ ရက်နေ့တွင် ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းမှ တောင်သူများကို ခေါ်ယူတွေ့ဆုံခဲ့ပြီး လက်ရှိလုပ်ကိုင်နေသည့်မြေသည် စားကျက်မြေဖြစ်သည့်အတွက် ဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားဆီးခဲ့ပြီး ကျူးကျော်ဝင်ရောက်စိုက်ပျိုးပါက တရားစွဲဆိုသွားမည်ဟု ပြောကြားခဲ့ခြင်းကို ကျေနပ်မှုမရှိ၍ ဆန္ဒပြတောင်းဆိုရခြင်းဖြစ်သည်ဟု တောင်သူဦးစိုးအောင်မှ ပြောကြားခဲ့သည်။

### ဟူးကောင်းဒေသခံများ သိမ်းဆည်းမြေယာ ရရှိရေး ဆွေးနွေးပွဲများပြုလုပ်

ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ ဒေသခံများ ဆုံးရှုံးထားသော သိမ်းပိုက်ခံ မြေယာများ ပြန်လည်ရရှိရေးကို အထောက်အကူပြုစေမည့် ဆွေးနွေးပွဲကို စက်တင်ဘာလ ၂၁ ရက်နေ့မှ စက်တင်ဘာလ ၂၃ ရက်နေ့ထိ လီဒိုလမ်းမပေါ်ရှိ Wa Ra Zup ကျေးရွာတွင် ပြုလုပ်ခဲ့သည်။ ဒေသခံများ၏

မြေယာကို သိမ်းပိုက်ထားသည့် ယုဇနကုမ္ပဏီဆန့်ကျင်ရေးလုပ်ငန်းများ မည်မျှလုပ်ဆောင်ခဲ့သော်လည်း ထိရောက်မှုမရှိသောကြောင့် ရှေ့ဆက်ပြုလုပ်သွားမည့်အချက်များကို ဆွေးနွေးခဲ့သည်ဟု ဒေသခံ Slg. Tang Gun (ဦးတန်ဂွမ်း) မှ ပြောကြားခဲ့သည်။ ထို့အပြင် ဟူးကောင်းကျားထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် ဒေသခံများ၏ မြေယာထိန်းသိမ်းခံရမှု ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။

လွန်ခဲ့သော စစ်အစိုးရလက်ထက် ဟူးကောင်းဒေသခံများ၏ မြေယာသိမ်းဆည်းခံရမှုကိစ္စ ဖြေရှင်းပေးရန် ဒေသခံများအနေဖြင့် ယခုအစိုးရထံ တောင်းဆိုမှု အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း လိုက်လျောမှုမရရှိခဲ့ပါ။

**ကျောက်မီးသွေးသုံး ဘိလပ်မြေစက်ရုံ တည်ဆောက်မှုကို ကန့်ကွက်ခြင်းအတွက် ဖမ်းဆီး၊ တရားစွဲဆိုခြင်းခံထားရသူများ အာမခံငြင်းပယ်ခံရ**

စက်တင်ဘာလ ၂၆ ရက်နေ့တွင် မန္တလေးခရိုင်တရားရုံးမှ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာရှိ ဒေါ်မြ၊ ဒေါ်မြမြနှင့် ဒေါ်သန်းပိုင်တို့၏ အာမခံလျှောက်ထားမှုကို ပယ်ချခဲ့သည်။ ၎င်းတို့ သုံးဦးသည် မြင့်ရင်နီးမြုပ်နှံမှုကုမ္ပဏီမှ ကျောက်မီးသွေးသုံး ဘိလပ်မြေစက်ရုံ တည်ဆောက်နေမှုအား အပြီးတိုင် ဖျက်သိမ်းပေးရန် ကန့်ကွက်တောင်းဆိုခြင်း၊ ကျောက်မီးသွေးသုံး ဘိလပ်မြေစက်ရုံ တည်ဆောက်ရေးစီမံကိန်းသုံး စက်ယန္တရားများ ရွာလမ်းကို အသုံးပြု၍ မရအောင် တားဆီးခဲ့ခြင်းအတွက် ဇူလိုင်လကတည်းက ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရသည်။ ထို့ပြင် ၎င်းတို့သည် ၎င်းတို့၏ မြေယာများနှင့် ပတ်သက်၍လည်း လျော်ကြေးငွေ ရရှိခြင်းမရှိပါ။ လမ်းတံတား ဥပဒေသည် ထောင်ဒဏ် ခြောက်လမှ သုံးနှစ်ထိ ချမှတ်နိုင်သော ဥပဒေဖြစ်သည်။ ၎င်းတို့သုံးဦးသည် လက်ရှိတွင် အိုးဘိုအကျဉ်းထောင်၌ ထိန်းသိမ်းခြင်းခံထားရသည်။

**ကာကွယ်ရေးဌာနမှ အသုံးမပြုသည့် မြေလွတ်၊ မြေရိုင်းဧက ၅၀၀၀ ကျော်ကိုပြန်ပေးမည်**

စက်တင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် (MNHRC) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) တို့မှ ပူးပေါင်းပြုလုပ်သော စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲ၌ MNHRC ဥက္ကဋ္ဌ ဦးဝင်းမြမှ ကန့်ဘလူ၊ မုံရွာ၊ ကသာနှင့် ရွှေဘိုခရိုင်များရှိ အသုံးမပြုတော့သော မြေလွတ်၊ မြေရိုင်း စုစုပေါင်း ၅,၁၆၀ ဒသမ ၇၂ ဧကကို ကာကွယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်ထံ ပြန်လည်လွှဲပြောင်း အပ်နှံရန်ရှိသည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် MNHRC ကို တိုင်ကြားမှုများအနက် မြေယာအငြင်းပွားမှုနှင့် ပတ်သက်သော တိုင်ကြားစာများသည် အများဆုံးဖြစ်သည်ဟု ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

**မော်လမြိုင်ရှိ လယ်ဧက ၇၀ ခန့်ကို စည်ပင်မှ သိမ်းယူရန် လုပ်ဆောင်နေသည့်အတွက် ဆန္ဒထုတ်ဖော်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ သာယာအေးရပ်ရှိ လယ်ဧက ၇၀ ခန့်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိမ်းယူရန် ဆောင်ရွက်နေသည့်အတွက် စက်တင်ဘာလ ၂၇ ရက်နေ့တွင် မော်လမြိုင်မြို့၌ လယ်ပိုင်ရှင် ၅၀ ဦးခန့်မှ ဆန္ဒထုတ်ဖော်ခဲ့သည်။ အဆိုပါလယ်မြေများသည် ၎င်းတို့၏ ဘိုးဘွားလက်ထက်ကတည်းက လုပ်ကိုင်စားသောက်လာသော လယ်မြေများဖြစ်ပြီး ပုံစံ (၇) မရှိသော်လည်း ပြေစာများ ရှိသည်ဟု ဆန္ဒထုတ်ဖော်သူတစ်ဦးဖြစ်သူ ကိုချစ်စောက်မှ ပြောကြားခဲ့သည်။ ထို့ပြင် ယခင်က လယ်မှ ထွက်ရှိသည့် စပါးများကို အစိုးရအားတင်း ၅၀ ပေးခဲ့ရပြီး စပါးတင်းများကို တဖြည်းဖြည်း လျှော့ပေးခဲ့သည့်ပြင် လုံးလုံး မပေးရသည်မှာ လေးနှစ်ရှိပြီဟု ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

လယ်ယာမြေသိမ်းယူရန် ဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍ စိစစ်ဖြေရှင်းပေးရန် နိုင်ငံတော် သမ္မတရုံး၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်း ၁၄ ခုထံ တင်ပြထားကြောင်း သိရှိရသည်။

# ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ

**ဆက်သွယ်ရေးဥပဒေပုဒ်မဖြင့် တရားစွဲဆိုမှု စုစုပေါင်း ၁၅၈ ထိရှိပြီး ဥပဒေပြင်ဆင်ပြီးနောက် ၄၈ မှုရှိ**

စက်တင်ဘာလ ၉ ရက်နေ့ထိ ကောက်ယူထားသော စာရင်းများအရ ဆက်သွယ်ရေးဥပဒေပုဒ်မဖြင့် တရားစွဲဆိုထားသော အမှုပေါင်း ၁၅၈ ထိရှိပြီး အဆိုပါ ဥပဒေပြင်ဆင်ပြီးနောက် ၄၈ မှုထိ ရှိလာကြောင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ (အသံ) မှ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ လတ်တလော စွဲဆိုထားသော ၄၈ မှုသည် တရားရင်ဆိုင်နေရဆဲနှင့် တရားစွဲဆိုသည့် လုပ်ငန်းစဉ်၌ ရှိနေသေးသည်ဟု အသံအဖွဲ့မှ အလုပ်အမှုဆောင် ကဗျာဆရာ မောင်ဆောင်းခမှ ပြောကြားခဲ့သည်။ ယခင်အစိုးရလက်ထက်တွင် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှု ၁၁ မှု၊ ယခု NLD အစိုးရလက်ထက်တွင် ယင်းဥပဒေ မပြင်ဆင်ရသေးချိန်၌ တရားစွဲဆိုမှု ၉၈ ရှိကြောင်း ၎င်းမှ ဆက်လက်ပြောကြားခဲ့သည်။ ထို့အပြင် သတင်းမီဒီယာသမားများအပေါ် ဆက်သွယ်ရေး ဥပဒေဖြင့် တရားစွဲဆိုထားမှု ၁၉ မှုရှိပြီး သတင်းသမား ၂၇ ဦး တရားရင်ဆိုင်နေရကြောင်း ယင်းအဖွဲ့၏ သုတေသနစာတမ်းတွင် ဖော်ပြသည်။

# အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ

**တရားမျှတမှုစင်တာ နေပြည်တော်တွင် ဖွင့်လှစ်**

စက်တင်ဘာလ ၁ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇဗ္ဗူသီရိမြို့နယ်၊ အောင်သုခကျေးရွာ၌ တရားရင်ဆိုင်နေရသည့် ဆင်းရဲနွမ်းပါးသူများကို အခမဲ့ ရှေ့နေလိုက်ပေးခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးခြင်းများကို ဆောင်ရွက်ပေးမည့် တရားမျှတမှုစင်တာကို ဖွင့်လှစ်ခဲ့သည်။ ပြစ်မှုနှင့် စွပ်စွဲခံရသူများ၊ တရားခံများနှင့် ဆင်းရဲနွမ်းပါးသည့်တွက် ရှေ့နေ့မငှားရမ်း နိုင်သူများမှ အကူအညီလာ ရောက်တောင်းခံလျှင် အမှုကို အစမှအဆုံးထိ အခမဲ့ လိုက်ပေးမည်ဖြစ်ပြီး မည်သည့်စာရွက်စာတမ်းကြေးမှ ကုန်စရာမလိုကြောင်း၊ တရားမမှုနှင့် ပတ်သက်၍ ဆောင်ရွက်ပေးခြင်းမရှိကြောင်း၊ သို့သော်လည်း ဥပဒေနှင့် ပတ်သက်၍ အကူအညီတောင်းခံလျှင် အကြံ ဉာဏ်ပေးသွား မည်ဖြစ်ကြောင်း တရားမျှတမှုစင်တာမှ တရားလွှတ်တော် ရှေ့နေ ဒေါ်ဝင့်ဝင့်အေးမှ ပြောကြားခဲ့သည်။ ထို့ပြင် လက်ရှိတွင် နေပြည်တော်တရား မျှတမှုစင်တာမှ အခမဲ့ ရှေ့နေ လိုက်ပေးခြင်း ဆောင်ရွက်သည့်အမှု ၂၃ မှု ရှိကြောင်း၊ တရားမမှုများအတွက် ရှေ့နေငှားရမ်းရာတွင်လည်း ဆောင်ရွက်ခ သက်သာစေရန် တရားမျှတမှုစင်တာမှ ကူညီပေးကြောင်း ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

တရားမျှတမှုစင်တာများကို မန္တလေးမြို့၊ တောင်ကြီးမြို့၊ တောင်ငူမြို့၊ ဘားအံမြို့နှင့် ကလောမြို့များတွင်လည်း ဖွင့်လှစ်ထားသည်။

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

## ဖမ်းဆီးခံရခြင်းများ

- ရခိုင်လူငယ်ရှစ်ဦး ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးနောက် ချုပ်ရက်စေ့၍ လွတ်မြောက်လာရာမှ ပြန်လည် ဖမ်းဆီးခံရ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## တရားစွဲဆိုခံရခြင်းများ

- ကရင်အာဇာနည်နေ့ ဦးဆောင်ကျင်းပသူလေး ဦးအား ဆက် လက်တရားစွဲဆိုမည်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ BNI/မြန်မာ

- ကြံ့ခိုင်ရေးပါတီ ရွှေဘိုခရိုင် ဥက္ကဋ္ဌအား အရေးယူပေးရန် တရားရုံးဦးတိုက်လျှောက်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ The Voice/မြန်မာ

- ရွှေဝါရောင် သံဃာတစ်ပါးကို ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်၊ မြန်မာတိုင်းမ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ The Voice/မြန်မာ

- ဆန္ဒပြခေါင်းဆောင် လေးဦး တရားစွဲဆိုခံရ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ ဒီဗွီဘီ/မြန်မာ

- တပ်မတော်ကို ICC တင်ရန် ဆန္ဒပြတောင်းဆိုသူ ပုဒ်မ နှစ်ခုဖြင့် အမှုဖွင့်ခံရ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်၊ The Voice/မြန်မာ

## တရားရင်ဆိုင်ရခြင်းများ

- ဒုက္ခသည်များ ကယ်ဆယ်ရေး ဦးဆောင်ဆန္ဒပြသူ သုံးဦး အသရေ ဖျက်မှုဖြင့် စွဲချက်တင်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ BNI/မြန်မာ

- ကိုအောင်ကိုထွေးကို စွဲချက်တင်ရန် တရားရုံး ဆုံးဖြတ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- တနင်္သာရီဂျာနယ်ကို တရားစွဲသင့်၊ မသင့် အောက်တိုဘာ ၁ ရက်နေ့တွင် ဆုံးဖြတ်မည်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ 7 Day Daily/မြန်မာ

- ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ကို ပုဒ်မ နှစ်ခုဖြင့် စွဲချက်တင်ရန် ဆုံးဖြတ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ မဇ္ဈိမ

- စစ်တွေမြို့မိ၊ မြို့ဖ ဦးအောင်သန်းဝေကို စွဲချက်တင်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်၊ အီလဲဗင်း/မြန်မာ

- လက်ပံတောင်းဒေသခံ ဒေါ်ခင်ဝင်းသေဆုံးမှု ပြန်စစ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ The Voice/မြန်မာ

## ထောင်ဒဏ်ချမှတ်ခံရခြင်းများ

- သတင်းထောက်နှစ်ဦးကို ထောင်ဒဏ် ၇ နှစ်စီ ချမှတ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ Frontier Myanmar
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ ဒီဗွီဘီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ မြန်မာတိုင်းမ်
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်၊ အီလဲဗင်း
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ Frontier Myanmar
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- ငြိမ်းစုစီပုဒ်မ ၁၉ ဖြင့် အမိန့်ချမှတ်ခြင်းခံရသည့်ကျောင်းသားဟောင်းအတွက် ပါမောက္ခချုပ်မှ ဒဏ်ငွေ ကျပ်တစ်သောင်း ပေးဆောင်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်၊ 7 Day Daily/မြန်မာ

- ဒေါ်လေးလေးနှင့် ကိုနောင်နောင်တို့ကို ထောင်ဒဏ် ၁ နှစ်စီ ချမှတ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်၊ အီလဲဗင်း

- ငြိမ်းချမ်းရေး ကဗျာရွတ်ပွဲတွင် ပါဝင်ခဲ့သူ သုံးဦးကို ထောင်ဒဏ်ချမှတ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်၊ ဧရာဝတီ

- ရှေ့နေ ဒေါ်ခင်ခင်ကျော်နှင့် ဗကသ ကျောင်းသားဟောင်း ကိုသန်းထိုက်တို့ ထောင်ဒဏ် ခြောက်လ အမိန့်ချခံရ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- မွန်ပြည်နယ်ဝန်ကြီးချုပ်ကို ဝေဖန်ခဲ့သူ အလုပ်နှင့် ထောင်ဒဏ် ၁ နှစ် ချမှတ်ခံရ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်၊ The Voice/မြန်မာ

## ထောင်တွင်းအခြေအနေများ

- ညောင်ရွှေထောင်တွင်း ရောဂါမျိုးစုံအတွက် ဆေးတစ်မျိုးသာရှိဟု လူ့အခွင့်အရေးကော်မရှင် ထုတ်ပြန်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်၊ 7 Day Daily/မြန်မာ

- အင်းစိန်အကျဉ်းထောင်၏ အကျဉ်းသားအရေတွက်မှာ သတ်မှတ်ချက်ထက်ပိုများနေ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ မဇ္ဈိမ/မြန်မာ

- အကျဉ်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ICRC ပူးပေါင်းလုပ်ဆောင်လိုကြောင်း အဆိုပြု
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ အီလဲဗင်း

## နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ

- နန်းမိုဟွမ်ကို TNLA ဥပဒေဖြင့် အမှုဖွင့်အရေးယူ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်၊ အီလဲဗင်း
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ အီလဲဗင်း
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ Shan Herald Agency News
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်၊ မဇ္ဈိမ/မြန်မာ

- တပ်မ ၈၈ လက်အောက်ခံ တပ်ဖွဲ့များမှ ဒေသခံများကို ရှေ့တန်းစခန်းသို့ ရိက္ခာသယ်ပို့ခိုင်း
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ BNI/မြန်မာ

- ကမ္ဘာလုံးဆိုင်ရာ တရားဥပဒေစိုးမိုးမှု အညွှန်းကိန်းတွင် မြန်မာ အဆင့်ကျ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်၊ ဧရာဝတီ/မြန်မာ

- တပ်မတော်မှ ဖမ်းဆီးသွားသော ကထိန်ယန်ကျေးရွာသား နှစ်ဦးကို မတရားအသင်းဆက်သွယ်မှုဖြင့် အရေးယူ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ BNI/မြန်မာ

- ရှမ်း၊ ပလောင် တိုင်းရင်းသား ၄ ဦး ပျောက်ဆုံးနေ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ Burma Link

- စစ်တပ်အခြေစိုက်စခန်းကို လက်နက်ကိုင်တပ်ဖွဲ့မှ တိုက်ခိုက်ခဲ့ပြီးနောက် တောင်သူများ၏ ကောက်ပဲသီးနှံများကို ဖျက်ဆီး
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ BNI

- ညောင်သုံးပင်ရွာသားကို ရဲ ၃ ဦးမှ ရိုက်နှက်သောကြောင့် ဆေးကုသမှုခံယူနေရ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- ကြားဖြတ်ရွေးကောက်ပွဲအတွက် SNLD ၏ ပြင်ဦးလွင် စည်းရုံးရေးခရီးစဉ်တစ်ခု ဟန့်တားခံရ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ Shan News/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်၊ Shan Herald Agency News

- ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) မှ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်း
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ မြန်မာတိုင်းမ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ ဧရာဝတီ

- ဘားအံမှ နေပြည်တော်ထိ ခရီးရှည်လမ်းလျှောက် ဆန္ဒပြသူများ ဖြူးမြို့နယ် ရောက်ရှိ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ

- ရှမ်းရွာသားများကို တပ်မတော်မှ ပြန်လွှတ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ

## လယ်ယာမြေပြဿနာများ

- စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိသည့် မြေယာများ ပြန်လည်စွန့်လွှတ်ပေးရန်နှင့် တောင်သူများအား တရားစွဲဆိုထားသည့် စည်ပင်တာဝန်ရှိသူအား အရေးယူပေးရန် ဆန္ဒထုတ်ဖော်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ အီလဲဗင်း

- လက်ပံတောင်း မြေယာလျော်ကြေးများထုတ်ရန် ဒေသခံများ ငြင်းပယ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- တောင်သူများကို ကာကွယ်ပေးနိုင်မည့် မြေယာဥပဒေ ပေါ်ထွန်းရေး လူထုဆွေးနွေးပွဲ ပြုလုပ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်၊ ဧရာဝတီ/မြန်မာ

- မိုးပြဲမှ တပ်သိမ်းမြေ ဧက ၂၀၀ ကျော် တပ်မတော် ပြန်လည်ပေးအပ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ

- တပ်သိမ်းမြေဧက တစ်ထောင်ကျော်ကို ပြန်ပေးရန် ကျောက်တော်လယ်သမားများ ဆန္ဒပြတောင်းဆို
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်၊ BNI မြန်မာ

- ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေပေါ် ခမရ ၅၃၉ မှ ကျောက်ထုတ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ BNI/မြန်မာ

- တစ်နိုင်ငံလုံးရှိ သိမ်းဆည်းခံမြေများကိစ္စ ယခုနှစ်အတွင်း အပြီးစစ်ရန် သမ္မတ ညွှန်ကြား
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ

- မြေယာပြဿနာများ စိစစ်ရာ၌ စိတ်ထားဖြောင့်မတ်ပြီး စေတနာမှန်ဖြင့် ဖြေရှင်းပေးရန် ဒုသမ္မတ တိုက်တွန်း
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်၊ ဘီဘီစီ/မြန်မာ

- မြေမဖယ်ပေးလို၍ လှိုင်ကော်တွင် ဆန္ဒထုတ်ဖော်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်၊ The Voice/မြန်မာ

- နီကယ်စီမံကိန်းကြောင့် ပျက်စီးခဲ့သော လယ်များအတွက် နစ်နာကြေးပေး
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်၊ 7 Day Daily/မြန်မာ

- မကွေး-နေပြည်တော် မီးရထားလမ်း မြေယာလျော်ကြေးရသင့်သူများ မရဟုဆို
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ

- ဝယ်ယူထားသည့်လယ်မြေတွင် စိုက်ပျိုးခွင့်မပြုသဖြင့် ရွှေကျင်မြို့နယ်တွင် တောင်သူများ ဆန္ဒပြ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ ဒီလဲဗင်း/မြန်မာ

- ဟူးကောင်းဒေသခံများ သိမ်းဆည်းမြေယာ ရရှိရေး ဆွေးနွေးပွဲများပြုလုပ်
  ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ BNI/မြန်မာ

- ကျောက်မီးသွေးသုံး ဘိလပ်မြေစက်ရုံ တည်ဆောက်မှုကို ကန့်ကွက်ခြင်းအတွက် ဖမ်းဆီး၊ တရားစွဲဆိုခြင်းခံထားရသူများ အာမခံငြင်းပယ်ခံရ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်၊ ဧရာဝတီ

- ကာကွယ်ရေးဌာနက အသုံးမပြုသည့် မြေလွတ်၊ မြေရိုင်း ဧက ၅၀၀၀ ကျော်ကိုပြန်ပေးမည်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ

- မော်လမြိုင်ရှိ လယ်ဧက ၇၀ ခန့်ကို စည်ပင်မှ သိမ်းယူရန် လုပ်ဆောင်နေသည့်အတွက် ဆန္ဒထုတ်ဖော်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ 7 Day Daily/မြန်မာ

## ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာတိုးတက်မှုများ

- ဆက်သွယ်ရေးဥပဒေပုဒ်မဖြင့် တရားစွဲဆိုမှု စုစုပေါင်း ၁၅၀ ထိရှိပြီး ဥပဒေပြင်ဆင်ပြီးနောက် ၄၈ မှုရှိ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်၊ ဒီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်၊ ဒီလဲဗင်း

## အဖွဲ့စည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ

- တရားမျှတမှုစင်တာ နေပြည်တော်တွင် ဖွင့်လှစ်
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်၊ ဒီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ ဧရာဝတီ


ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင်အတွင်းရေးမှူး+၉၅(၀) ၉၄၂၈၀၂၃၈၂၈
အောင်မျိုးကျော်ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈၁၁၇၃၄၈